## ဂရန်အင်းများလေလံတင်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁။ ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို နှစ်စဉ်ဧပြီလ(၁)ရက်မှ ဇူလိုင်လ(၁၅)ရက် အတွင်း ဆောင်ရွက်ပါသည်။

၂။ တိုင်းဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော တိုင်းအတွင်းရှိ ဂရန်အင်းများကို ခရိုင် အလိုက် လေလံတင်ရောင်းချနိုင်ရန် ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်း တာဝန်ပေးအပ်ထားပါသည်။

၃။ လေလံတင်ရောင်းချရေးအဖွဲ့က ဂရန်အင်းများ လေလံတင်ရောင်းချမည့် အစီအစဉ် ရေးဆွဲပြီး တိုင်းဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံတင်ပြ၍ အတည်ပြုချက်ရယူရပါသည်။

၄။ အတည်ပြုချက်ရရှိပါက ဂရန်အင်းများ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ လေလံကြော်ငြာမြို့နယ်အတွင်း ကြေညာရမည်။ ထိုသို့ ကြေညာ ရက်တွင် ဝန်ကြီးထံအတည်ပြုချက် ရယူထားသော လေလံစည်းကမ်းချက်များကို မပျက်မကွက် ထည့်သွင်းကြေညာရမည်။

၅။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန်အင်းလေလံဆွဲ ဝယ်ခွင့် လက်မှတ်ရရှိရန် လေလံကြော်ငြာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ဂရန်အင်းလေလံ ဆွဲဝယ်ခွင့်လက်မှတ် သတ်မှတ်လျှောက်လွှာပုံစံ(၂)ဆင့် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးထံ လျှောက်ထားရမည်။

၆။ မြို့နယ်ဦးစီးဌာနမှူးသည် သတ်မှတ်လျှောက်လွှာပုံစံ(၂) လက်ခံရရှိသည့်အခါ အောက်ပါ အချက်အလက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ရမည်-

(က) အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း။

(ခ ) လွန်ခဲ့သည့် သုံးနှစ်အတွင်း ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ပြစ်ဒဏ်ကျသူမဟုတ်ခြင်း။

(ဂ ) ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန်အင်း လေလံဆွဲဝယ်ခွင့် လက်မှတ်ရရှိရန် ဆွဲဝယ်မည့်ဂရန်အင်း၏ ယခင်နှစ် အင်းခွန်ဈေးနှုန်းကို ဘဏ်တွင်ငွေ စာရင်းဖွင့်လှစ်ပေးသွင်းပြီးခြင်း။

(ဃ) တိုင်းဒေသကြီး/ပြည်နယ်အတွင်း အခြေချနေထိုင်သူဖြစ်ခြင်း။

၇။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းများလေလံဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာကိုစိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရိုင်ဦးစီးမှူးထံဆက်လက်တင်ပြရမည်-

(က) လျှောက်လွှာကိုငြင်းပယ်လျှင် ယင်းသို့ငြင်းပယ်သည့် ကျိုးကြောင်းဖော်ပြချက်များ။

(ခ ) လျှောက်လွှာကိုလက်ခံလျှင် ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြချက်များ။

(ဂ) အင်းလေလံရက်မတိုင်မီ(၃)ရက်ကြိုတင်၍ ခရိုင်ဦးစီးမှူးထံ အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြချက်များ။

၈။ ခရိုင်ဦးစီးဌာနမှူးသည် တင်ပြလာသောလျှောက်လွှာများကိုစိစစ်၍-

(က) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်ပုံစံ(၃) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ ) သတ်မှတ်ချက်များနှင့် မညီညွတ်သောလျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီအကြောင်းကြားရမည်။

၉။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းစာရရှိသည့်အခါ ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ပုံစံ

၁၀။ ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည်-

(က) မိမိလျှောက်ထားသည့်ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့်ရှိသည်။

(ခ ) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဝင်ရောက်ဆွဲဝယ်မှုမရှိလျှင်သော်လည်းကောင်း၊ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သို့

သတ်မှတ်ထားသည့် လေလံကြေးငွေများကို တင်ပြမှုမရှိသော်လည်းကောင်း အဆိုပါနှစ်မှ တစ်ဆက်တည်း(၃)နှစ်အတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည်။

၁၁။ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းများလေလံတင် ရောင်းချခြင်းမပြုမီ အောက်ပါအချက်များအပေါ်အခြေခံ၍ ဂရန်အင်းတစ်ခုစီအတွက် လေလံကြမ်းခင်းဈေးကို သတ်မှတ်ပေးရမည်-

(က) လေလံတင်ရောင်းချသည့်ဂရန်အင်း၏လွန်ခဲ့သော ၅ နှစ် ပျမ်းမျှဈေးနှုန်း။

(ခ ) လေလံတင်ရောင်းချသည့်ဂရန်အင်း၏ ယခင်နှစ်ဈေးနှုန်း။

(ဂ ) ဂရန်အင်း၏ငါးအထိအမိအခြေအနေ။

(ဃ) ဂရန်အင်းပျက်စီးတိမ်ကောခြင်းရှိ/မရှိ။

၁၂။ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းများ လေလံတင်ရောင်းချရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ရောင်းချသည့် ဂရန်အင်းတစ်ခုစီအတွက် ဂရန်အင်းများ လေလံတင် ရောင်းချခြင်း အမှုတွဲ ပုံစံ(၄)ဖွင့်လှစ်ထားရှိခြင်း၊

(ခ) လေလံတင်ရောင်းချရာတွင် ဌာနမှသတ်မှတ်ထားသော လေလံစည်းကမ်းများကို တိုင်း/ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံအတည်ပြုချက် ရယူခြင်း၊

(ဂ ) လေလံတင်ရောင်းချမည့် ဂရန်အင်းများ၏ ကြမ်းခင်းဈေးများကို သတ်မှတ်ရာတွင် တိုင်း/ပြည်နယ်ဦးစီးမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြအတည်ပြုချက် ရယူခြင်း၊

(ဃ) ဂရန်အင်း လေလံတင်ရောင်းချခြင်းမပြုမီ လေလံစည်းကမ်းချက်များ၊ ရောင်းချ မည့် ဂရန်အင်းတစ်ခုစီ၏ စည်းကမ်းချက်များကို ဖတ်ကြားကြေညာခြင်း၊

(င ) ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ကြေညာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(စ ) လေလံဆွဲဝယ်ယူခွင့်ရရှိသူတစ်ဦးဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကိုသော်လည်းကောင်း၊ အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း(သို့မဟုတ်) တားမြစ်ခြင်း ထိုကဲ့သို့ငြင်းပယ်ခြင်း(သို့မဟုတ်) တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး ဦးစီးဌာနမှူးထံတင်ပြခြင်း၊

(ဆ) လေလံဆွဲဝယ်ယူခွင့်ရရှိသူသည် ဂရန်အင်းလေလံအပြိုင်ဆွဲရာတွင် အင်းသားကြီးများမှ တိုးမြှင့်ပေးသည့်ငွေ(စားပွဲတင်ငွေ)အား ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ထံ ဆွဲဝယ်မည့် ဂရန်အင်းအတွက်တင်ပြပြီးမှ လေလံဆွဲဝယ်ခွင့်ပြုခြင်း၊

(ဇ ) လေလံဆွဲဝယ်ခွင့်ရရှိသူများမှ မိမိစိတ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ လေလံကြမ်းခင်းဈေးထက်များစွာကျော်လွန်ပြီး ဈေးနှုန်းပေးပါက လေလံဆွဲဝယ်ခွင့်ရရှိသူများကို သတိပေး၍ သက်ဆိုင်သည့် ဂရန်အင်းလေလံတင် ရောင်းချခြင်း ကိုခေတ္တရပ်ဆိုင်းခြင်း၊ ထိုသို့ရပ်ဆိုင်းပြီးနောက် နေ့ချင်းပြန်လည်ကျင်းပခြင်း၊ ထိန်းသိမ်းမရအောင် အပြိုင်အဆိုင် ဆက်လက်ဆွဲဝယ်နေပါက ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ရပ်ဆိုင်း၍ ယင်းနေ့တွင် ချိတ်ပိတ်တင်ဒါ သွင်းစေပြီး အငှားချထားခြင်း၊

(ဈ) ဂရန်အင်းလေလံတင်ရောင်းချရာတွင် ကြမ်းခင်းဈေးထက်ကျော်လွန်၍ ဈေးနှုန်းအမြင့်ဆုံး ပေးထားသူအား အငှားချထားခြင်း၊

(ည) လေလံဆွဲဝယ်ခွင့်ရရှိသူများအား လေလံဆွဲဝယ်သည့် ဂရန်အင်းအတွက်ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို အပြေအကျေပေးဆောင် စေသော်လည်းပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်ဖြင့် ဒုတိယအကြိမ်ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချခြင်း၊ လျော့နည်းသော ခြားနားသွေကိုပျက်ကွက်သူအား ပေးလျော်စေခြင်း၊